# တောင်သူလယ်သမားဦးကြီးများသို့
# အသိပေးကြေညာချက်

၁။ တိုင်းဒေသကြီး၊ပြည်နယ်အချို့ရှိ မြို့နယ်များတွင် လယ်ယာမြေလုပ်ကိုင်ခွင့်ပြု (ပုံစံ-၇) မိတ္တူကို အာမခံရယူ၍ လယ် ၁ ဧကလျှင်ကျပ် ၅ သိန်း၊ ၁၀ သိန်းနှုန်းဖြင့် ချေးငွေထုတ်ပေးမည်ဟု ပုဂ္ဂလိက ကုမ္ပဏီအချို့က တောင်သူ များအား စည်းရုံးပြီးငွေချေးယူရန်လျှောက်ထားသူ ၁ ဦးလျှင် ကျပ် ၅၀၀၀/၊ ၇၀၀၀/၊ ၁၀၀၀၀/ စသည်ဖြင့် ကော်မရှင်ခ၊ ကနဦး ထည့်ဝင်ကြေးများ ကောက်ခံလျက်ရှိကြောင်း သိရှိရပါသည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ကုမ္ပဏီ/အဖွဲ့အစည်း အနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ခွင့်ပြုချက် ရရှိသော လုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ အခန်း(၆) ပုဒ်မ ၂၀၊ ၂၁၊ ၂၂ တို့တွင် လည်းဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများသည်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ခွင့်ပြုချက်ဖြင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကချမှတ်သည့်စည်းကမ်းများ နှင့်အညီသာ လုပ်ကိုင် ဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၄။ ကုမ္ပဏီအချို့မှ တိုင်းဒေသကြီး၊ ပြည်နယ်တွင် တောင်သူလယ်သမားကို အယုံသွင်း၊ မက်လုံးပေး၍ ငွေချေးပေးမည်ဟု ပြောဆိုကာ လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) မိတ္တူတောင်းခံပြီး ငွေကြေး ကောက်ခံမှုများရှိနေသည့်အတွက် ၎င်းကုမ္ပဏီများအား သတ်မှတ်ချက်များအရ လုပ်ကိုင်ခွင့်လိုင်စင် ခွင့်ပြုချက် မရှိဘဲ ငွေချေးလုပ်ငန်းကို လုပ်ကိုင်နေ မှုကို သက်ဆိုင်ရာဌာနများက တည်ဆဲဥပဒေများ အရ စိစစ်၍ အရေးယူဆောင်ရွက်ရန် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများ အနေဖြင့် လိမ်ညာမှု မခံရစေရေး ဂရုပြုကြပါရန်နှင့် မိမိတို့ဒေသအတွင်း ငွေချေးလုပ်ငန်း လိုင်စင်မရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်းများ ဝင်ရောက်စည်းရုံးလာပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပေးပို့ဆောင်ရွက်ကြပါရန်၊ အသင်းဝင်ကြေး၊ ကနဦး ထည့်ဝင်ကြေးများ ပေးသွင်းထားပါကလည်း အဆိုပါ ကုမ္ပဏီများထံမှ အမြန်ပြန်လည်တောင်းခံကြပါရန် အသိပေးကြေညာအပ်ပါသည်။

စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန